Highlight from DVB Debate’s Marriage Law Show

“Do we need to have a new marriage law?”

13/12/2014

“ကျနော့်အနေနဲ့ကတော့ အချိန်ကာလနဲ့ အခြေအနေကိုကြည့်ပြီး ဘာသာရေးစွက်ဖက်တဲ့ ဓလေ့ထုံးစံစွက်ဖက်တဲ့ ဥပဒေမျိုးမဟုတ်ဘဲ အမျိုးသမီးများအတွက် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းသင့်တယ်လို့ မြင်တယ်။ လူသားတွေအတွက်လိုအပ်တယ်..ကျောက်ခေတ်ကိုပြန်သွားနေရရင် မကောင်းဘူး။ ကျနော်တို့က နောက်ကျသွားလိမ့်မယ့်။ သူများနိုင်ငံတွေမှာ အပြည့်အစုံရှိပြီးနေပြီ။”

ဦးကျော်ဆွေ - အမျိုးသားဒီမိုကရေစီအင်အားစု တိုင်း စည်းရုံးရေးကော်မတီဝင်

---

“မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း) ဒါထွက်လာမယ်ဆိုရင် ကျမတို့အမျိုးသမီးတွေအတွက် အကာအကွယ်အပြည့်အဝရမယ်လို့ မထင်ပါဘူး။ ကျမတို့ အမျိုးသမီးထုကို ရိုက်ချိုးတာလေ။  ရင်ထဲကခံစားချက်တွေကို မျက်ကွယ်ပြုထားတာ။ မိန်းကလေးတယောက်ဟာ ဘာသာမတူရင် မယူရဆိုတဲ့ ကြောက်လန့်မှုတွေကြောင့် တခြားဘာသာကို ဝင်သွားပါပြီတဲ့..အဲ့မိန်းကလေးတယောက်ဟာ အဲဒီဘာသာကို တကယ် ဝင်ချင်တာ ဟုတ်ရဲ့လား.. သူ့ရင်ထဲက နလုံးသားခံစားချက်? ဘာသာတူမှ လက်ထပ်ရမယ်ဆိုလို့ အစ္စလာမ်ဘာသာဝင်တယောက်ကလည်း ဗုဒ္ဓဘာသာထဲဝင်လာပါပြီတဲ့ သူဟာ တကယ်ဝင်ချင်လို့လား.. ဒါရင်ထဲကခံစားချက်တွေ။ ဒါတွေအားလုံး ရိုက်ချိုးခံနေရတဲ့အတွက် လုံးဝ လက်မခံဘူး။”

ဒေါ်အမာနီ - မေတ္တာကမ်ပိန်းအဖွဲ့

---

“ဥပဒေကြမ်းတရပ်ဟာ ဒီမိုကရေစီကျရမယ်၊ လူ့အခွင့်အရေးပေးထားရမယ်။ အခုက လူတွေကို အတင်းအကြပ်လုပ်နေတာ။ အခု ဥပဒေကြမ်း အတော်ဆိုးတယ်နော် မိန်းကလေးတွေကို အတော်စော်စော်ကားကား.. လက်ထပ်ယူမယ်ဆိုဗျာ နို့တစ်စာကပ်ရမယ်။ မြန်မာမိန်းကလေးတွေကို တန်ဖိုးထားတယ်၊ ကိုယ့်သားသမီးအရင်းလို သိက္ခာရှိစေချင်တယ်ဆို မလုပ်ကောင်းဘူးလေ။ မေတ္တာတရားကို ဘာနဲ့မှ ဘယ်လိုဥပဒေနဲ့မှ ကာလို့၊ ကန့်သတ်လို့မရဘူးလေ။”

ဦးတင်အေးကြူ - သခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်

---

“ကျနော်တို့မြတ်ဘုရားဟောကြားခဲ့တဲ့ တရားတော်တွေထဲမှာ သားသမီးဂတ်၊ မိဘဂတ်တွေပါပြီးသား။ မိဘဂတ်အရ ထိမ်းမြားခြင်းဆိုတာပါသလို သားသမီးကျင့်ဂတ်တွေမှာလဲ မွေခံထိုက်စေ.လျှုမျှဂေ၍

‘စောင့်လေမျိုးနွယ်’ဆိုတာပါပြီးသားပါ။ ဘုရားကတော့ ဟောခဲ့ပြီးပြီ လိုက်နာခြင်း မနာခြင်းကတော့ ဆွေးနွေးပွဲလာသူတွေရဲ့ သဘောပေါ့”

ဦးမင်းသိန်း - မြင်းခြံခရိုင်မှ ပရိသတ်တဦး

---

“ဒီဥပဒေကြမ်းမှာ ကျနော်တို့မြင်တဲ့ အားနည်းချက်တခုက လူသားမျိုးဆက်ကို မွေးဖွားပေးတဲ့ အမျိုးသမီးထုကို အသိအမှတ်မပြုဘဲ၊ သူတို့စိတ်ဆန္ဒဘယ်လိုရှိတယ်၊ သူတို့ပါဝင်မှု ဘယ်လောက်ရှိတယ်ဆိုတာ လုံးဝအသိအမှတ်ပြုထားခြင်းမရှိဘဲ အတင်းအကြပ် လုပ်ထားတယ်။ ”

ဆည်းဆာညီညီ - လူထုရပိုင်ခွင့်ညှိနှိုင်းဖော်ဆောင်ရေးအဖွဲ့

---